ဗဟိုစည်းရုံးရေးကော်မတီ ဗမာပြည်ကွန်မြူနစ်ပါတီ

**CENTRAL ORGANIZING COMMITTEE, COMMUNIST PARTY OF BURMA**

သို့ –

သတင်းနှင့်ပြန်ကြားရေးကော်မီတီ

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

မှ –

ဗဟိုစည်းရုံးရေးကော်မီတီ

ဗမာပြည်ကွန်မြူနစ်ပါတီ

ရက်စွဲ– အောက်တိုဘာလ ၁၄ ရက်၊ ၂၀၂၄ ခု။

လေးစားအပ်ရသော ရဲဘော်များခင်ဗျား–

ရဲဘော်တို့ပါတီ၏ပါတီ တည်ထောင်ခြင်း ၃၆ နှစ်မြောက်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန်နှင့် သဝဏ်လွှာပေးပို့ရန် ကျွန်တော်တို့အား ဖိတ်ကြားသည့်အတွက်လွန်စွာမှပင် ကျေးဇူးတင်ကြောင်း ဦးစွာ ပြောကြားအပ်ပါသည်။ ဤကဲ့သို့ နှစ်ပေါင်း ၃၆ နှစ်တိုင် ရပ်တည်နိုင်ခဲ့ခြင်းက ရဲဘော်တို့၏ပါတီသည် လူထုအုံကြွမှုထဲမှ ပေါ်ထွက်လာပြီး လူထုထောက်ခံမှုဖြင့် ဆက်လက်တည်ရှိရပ်တည်နေခြင်းကို ဖော်ပြရာရောက်ပေသည်။ ဤအချက်မှာ အထင်အရှားဖြစ်ရုံမက ကျန်ပါတီများကလည်း အတုယူထိုက်သောအချက်ဖြစ်သည်ဟု မိမိတို့အနေဖြင့် ယူဆပါသည်။ ယခုအထိ ဖြတ်သန်းခဲ့သော ၃၆ နှစ်တာကာလအတွင်းတွင် လူ့ဘောင်သစ်ပါတီသည် ပါတီတည်ထောင်စက စိတ်ဓာတ်ဖြင့်ပင် ရပ်တည်နေခြင်းကိုလည်း မိမိတို့ပါတီအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုအပ်ပါသည်။

ယနေ့အခါတွင် ကျွန်တော်တို့၏ဘုံရန်သူ၊ ပြည်သူ့ရန်သူ စစ်အာဏာရှင်များမှာ သမိုင်းတွင် မကြုံးဖူးသည့် အကျပ်အတည်း အခက်အခဲများနှင့် တွေ့ကြုံနေရသည်မှန်သော်လည်း သူတို့၏လက်ထဲတွင် လက်နက်များ ရှိနေသေးသည်၊ အစွယ်ကျန်သေးသည်ဟူသောအချက်ကို ကျွန်တော်တို့မမေ့သင့်ပါ။ ဗမာပြည်ရဲ့အဆက်ဆက်သော စစ်အာဏာရှင်များ၏ အစဉ်အလာအတိုင်း လက်နက်ဖြင့်ရော လက်နက်မပါသည့်နည်းများဖြင့်ပါ လူထုဆန့်ကျင်ရေးကို သေသည်အထိ လုပ်သွားကြမည်ဆိုခြင်းကို စွဲမြဲစွာသတိပြုပြီး ပြည်သူကိုယုံကြည်၊ အားကိုး၊ အလေးထားကာ ပိုမိုပြင်းထန်သော တိုက်ပွဲများအတွက် ကျွန်တော်တို့တတွေ စိတ်ဓာတ်အရရော၊ ရုပ်ဝတ္ထုအရပါ ပြင်ဆင်ထားကြရမည်ဟု သဘောရပါသည်။

ဗမာပြည်၏ ရင့်မှည့်နေသော တော်လှန်ရေးကို မည်သည့်အင်အားစုကမှ တားရ၍လည်း မရ၊ တင်ပို့၍လည်း ရလိမ့်မည် မဟုတ်ပါ။ စစ်အုပ်စုနေဖြင့် ပြည်သူကို မဖိနှိပ်လျှင် ရပ်တည်၍မရတော့သည့် အခြေအနေသို့ ဆိုက်ရောက်နေပါပြီ။ လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ သွေးစည်းညီညွတ်ရေးသည် ဘုံရန်သူ စစ်အုပ်စုကို အပြုတ်တိုက်ရေးအတွက် သော့ချက်ဖြစ်လာပါပြီ။

ထို့ကြောင့် ရဲဘော်တို့၏ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည်လည်း ယခင်လျှောက်ခဲ့သောလမ်းအတိုင်း ပြည်သူလူထုကြီးနှင့်အတူ ဂုဏ်ပြောင်စွာ တက်လှမ်းလိမ့်ဦးမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

လေးစားစွာဖြင့်–

ဗဟိုစည်းရုံးရေးကော်မီတီ

ဗမာပြည်ကွန်မြူနစ်ပါတီ